မည်သို့ကြိုတင်ပြင်ဆင်ထားရမည်နည်း။

COVID-19 ကာကွယ်ဆေးထိုးသည့်အခါ ဘယ်အရာများကို ကြုံရမည်နည်း

1 ကာကွယ်ဆေး ထိုးပေးသည့်နေရာ အထဲသို့ဝင်သွားပါ။

a. အဓိကဝင်ပေါက်တွင် COVID ရောဂါလက္ခဏာများ ရှိမရှိ စစ်ဆေးမည့်နေရာတစ်ခုခု ရှိနိုင်သည်။ ကာကွယ်ဆေး ဆိုသည့် "Vaccine" သင်္ကေတများညွှန်ပြသည့်အတိုင်း လိုက်သွားပါ။ ကာကွယ်ဆေး ထိုးသည့်ဆေးခန်း ဝန်ထမ်းတစ်ဦးဦးမှ သင့်ကိုနှုတ်ခွန်းဆက်ပါလိမ့်မည်။

b. ကာကွယ်ဆေးရရှိနိုင်ခွင့် ရှိကြောင်း သက်သေပြသည့်အနေဖြင့် သင့်အသက်အရွယ်ကို ဖော်ပြသည့်အရာတစ်ခုခု ပါဝင်သည့် အမည်စာရင်း ပြည့်စုံမှုရှိမရှိ စစ်ဆေးရန်အတွက် ဆေးခန်းဝန်ထမ်းတစ်ဦးဦးမှ သင့်ကိုခေါ်ရန် စောင့်နေရမည်။

c. သင့်ကို တစ်ဦးစီသီးသန့် ခွဲထားသော၊ တစုံတရာအနှောက်အယှက်ကင်းသည့် ကာကွယ်ဆေးထိုးပေးမည့် နေရာသို့ လမ်းညွှန်ပါလိမ့်မည်။ သင့်ကို အားလပ်သော ဆေးထိုးမည့်နေရာမှ ခေါ်ပါလိမ့်မည်။

2 မေးခွန်းအနည်းငယ် ဖြေဆိုပါ။

a. ကာကွယ်ဆေးထိုးပေးမည့်သူမှ မေးခွန်းအနည်းငယ် မေးပါလိမ့်မည်။ သင့်အနေနှင့် ယနေ့နေကောင်းပါသလား။ မကြာသေးခင်မှ အခြားသော ကာကွယ်ဆေးတစ်ခုခု ထိုးထားပါသလား။ ပထမတစ်ကြိမ် COVID ကာကွယ်ဆေး ထိုးထားသည့် ကဒ် ရှိပါသလား။ (ယခုထိုးမည့်ဆေးသည် ဒုတိယအကြိမ်ဖြစ်လျှင်။) *ပထမတစ်ကြိမ် ဆေးထိုးသည့် ကဒ် မရှိလျှင် သင့်အတွက် ကဒ်နောက်တစ်ခု ထုတ်ပေးပါလိမ့်မည် – ပြဿနာမရှိပါ။*

b. ကာကွယ်ဆေးထိုးပေးမည့်သူမှ သင့်အနေနှင့် မေးခွန်းများရှိမရှိ၊ ထို့အတူ မည်သည့်ဘက်၏လက်မောင်းတွင် ဆေးထိုးလိုသည်ကို မေးမြန်းပါလိမ့်မည်။ ကာကွယ်ဆေးထိုးပေးမည့်သူမှ သင့်လက်မောင်း၏ ဆေးထိုးမည့်နေရာကို သန့်စင်ပြီး ကာကွယ်ဆေးထိုးပေးပါမည်။



3 စောင့်ဆိုင်းရန်နေရာသို့သွားပါ။

ဤဆေးသည် ပထမတစ်ကြိမ်ဖြစ်ပါက ဒုတိယအကြိမ် ဆေးထိုးမည့်ရက်ချိန်း စီစဉ်ရန် အတွက် ကွန်ပျူတာအသုံးပြုသော ရက်ချိန်းစီစဉ်သူထံသို့ သွားရပါလိမ့်မည်။ ထို့နောက် ကာကွယ်ဆေးထိုးထားသော အခြားသူများနှင့်အတူ ထိုနေရာတွင် ၁၅ မိနစ်ကြာ စောင့်နေရပါလိမ့်မည်။ **ဆေးနှင့်မတည့်သည့် တုံ့ပြန်မှု ဖြစ်ခဲ့ပါသည်၊ သို့သော် ဆေးထိုးပြီးနောက် သင့်ကို မိနစ်အနည်းငယ် စောင့်ကြည့်ပါလိမ့်မည်။**

4 V-safe အစီအစဉ်အတွက် စာရင်းသွင်းပါ

သင်စောင့်နေသည့်အချိန်တွင် စမတ်ဖုန်းကိုအသုံးပြုသော ကျန်းမာရေးစစ်ဆေးမှု အစီအစဉ် V-safe အတွက် စာရင်းသွင်းပါ။ သင့်ဖုန်းဖြင့် vsafe.cdc.gov မှတစ်ဆင့် စာရင်းသွင်းရန်အတွက် ၁၅ မိနစ်အချိန်ကို အသုံးပြုနိုင်သည်။

5 ပြန်ရန်အဆင်သင့်ဖြစ်ပါပြီ။

၁၅ မိနစ်ပြည့်ပြီးနောက် ပြန်နိုင်ပါပြီ။ ပြန်ရန်အတွက် မည်သူ့ကိုမှ အကြောင်းကြားစရာမလိုပါ။

မှတ်ချက်။ လူတိုင်းကို ကာကွယ်ဆေးချက်ချင်း ထိုးပေးမည်မဟုတ်ပါ၊ ထို့ကြောင့် မျက်နှာဖုံးတပ်ဆင်ခြင်း၊ အကွာအဝေးခြားချ၍ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ လက်များကိုဆေးကြောခြင်း နှင့် ဖျားနာလျှင် အိမ်တွင်နေခြင်း၊ စသည့်နည်းများဖြင့် ကိုယ့်ကိုယ်ကိုနှင့် အခြားသူများကို ဆက်လက်ကာကွယ်ရန် အရေးကြီးပါသည်။

Indiana Department of Health

2/15/21